သပြေရေကျေးရွာ
ပင်လိုန်(ရှေ့)အုပ်စု
ပြင်ဦးလွင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

# မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

(င) **ပညာရေး**

(စ) **ကျန်းမာရေး**

(ဆ) **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

သပြေရေ ကျေးရွာသည် မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ပင်လိနျ (ရှေ့) ကျေးရွာ အုပ်စု၊ ပြင်ဦးလွင်မြို့နယ်၏ အရှေ့မြောက်ဘက်၊ (၇)မိုင်အကွာတွင် တည်ရှိ တောင်ဘက်တွင် ပွဲကောက်ကျေးရွာ၊ မြောက်ဘက်တွင် ပင်လိနျ(ရှေ့)ကျေးရွာတို့ရှိသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင် တည်ရှိပြီးသမပိုင်းဇုံတွင်ပါဝင်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန် လက်မ(၆၀)ခန့် ရရှိသည်။ ကျေးရွာအနီးတွင် သစ်တောမရှိ၍ သဘာဝ ပေါက်ပင်များမှာ ဝါး၊ ရေမနေ၊ သပြေ၊ပိန္နဲ၊ဩောင်ပင် နှင့် အခြားအပင် အနည်းငယ်သာ ပေါက်ရောက်သည်။ စိုက်ပျိုးနိုင်သော လယ်ယာမြေ (၅၀၀) ဧကခန့်သာ ရှိသည်။ ကျေးရွာအနီးရှိ ချောင်းမှရေကို သွယ်ယူစိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်း ဆောင်ရွက် ကြပါသည်။ ကျေးရွာမှုစုပေါင်း၍ ကာလသား/သမီး၊ရပ်မိရပ်ဖ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် တောင်သူလူမှုရေး အဖွဲ့တို့ရှိပြီးတစ်ရွာလုံး၏ သာရေး/ နာရေး ကိစ္စရပ်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည်။ ကျေးရွာတွင် သာရေးနာရေးလူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ဆောင်ရွက်သော အလေ့ အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် ခြိုင့်၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်း ကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်း ချ၍ ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်း စနစ် မရှိပါ။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ရာသီအလိုက် နှစ်စဉ် ခါကြက်၊ မုန်ညင်းတို့ကိုစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာတွင် ရာသီအလိုက် တစ်သီးပြီးတစ်သီး စိုက်ပျိုးကြသည်။ခါကြက် တစ်ဧကလျှင် ၁၀၀၀ ပိဿာခန့်ထိ ထွက်သည်။

ဂေါ်ဖီ၊ မုန်ညင်း၊ စတော်ဘယ်ရီနှင့် အခြားဟင်းသီး/ဟင်းရွက်များကိုလည်းစိုက်ပျိုးကြပြီး စိုက်ပျိုးရေကို ချောင်းမှသွယ်ယူရရှိပါသည်။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာ ကြက်(၄၀၀၀)ကောင်ခန့်နှင့် နို့စားနွား အနည်းငယ်ကိုသာ မွေးမြူကြပြီး အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူ ရေး လုပ်ကိုင်မှုနည်းသည်ကို တွေ့ရပါသည်။ (အိမ်ထောင်စုဇယား အချက်အလက်များ ရရှိ လျှင် ကိန်းဂဏန်းအချက်အလက်နှင့်တကွ ပိုမို ပြည့် စုံအောင် ရေးနိုင်ပါမည်။)

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသားများအားလုံးသည် သောက်သုံးရေအတွက် ကျေးရွာတွင် အဝီစိရေတွင်းအိမ်တိုင်းနီးပါးတူးဖော်သုံးစွဲကြပြီးသောက်သုံးရေအခက်အခဲမရှိသော်လည်း သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရန်လိုအပ်သည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းကျောင်းကို မိုင်ဝက်ခန့်ဝေးသော ဆေးတလုံး ကျေးရွာ နှင့် အထက်တန်းကျောင်းကိုမူ (၃)မိုင်ခန့်ဝေးသော ရေငယ် ရပ်ကွက် (ရပ်ကွက်ကြီး ၁၁)နှင့်(၅)မိုင်ခန့်ရှိ ဝက်ဝံကျေးရွာများတွင် သွား၍တက်ရောက်ကြရသည်။ ကျန်းမာရေး စောင့်ရှောက်မှုအတွက်လည်း ပင်လိန်(ရှေ့)ကျေးရွာရှိ ကျန်းမာရေးဌာနခွဲ မှ ရရှိပါသည်။

ကျေးရွာတွင်လျှပ်စစ်မီး ကို (၂၀၁၇) ခုနှစ်တွင် ကိုယ်ထူကိုယ်ထ သွယ်ယူ ရရှိထားပြီဖြစ်သည်။ကျေးရွာတွင် အိမ်တိုင်းနီးပါး မီးရရှိနေပြီဖြစ်ပြီး မီးကြိုးသွယ်ယူရန် ငွေကြေးမတက်နိုင်သော (၂)အိမ် ခန့်သာ မီးမရရှိသည်ကိုတွေ့ရသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် စိုက်ဘဏ်နှင့် သမတို့မှ အတိုး (၁%) မှ(၂%)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ အခြားအသေးစား ချေးငွေအနေဖြင့် Vision Bank နှင့်အလိုင်းရင့် တို့မှ ချေးငွေအနည်းငယ်ရရှိပါသည်။ (အဖွဲ့အမည်နှင့် ဘယ်လောက်ပမာဏ အထိရနိုင်သည်ကို ရေးနိုင်လျှင် ပိုကောင်းမည်။)။ တောင်သူ လယ်သမားများ သာမကဘဲ အခြားအသေးစား စီးပွားရေးလုပ်ငန်း များထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်း အဝယ်) ချေးငွေ ဝန်ဆောင်မှု များ လိုအပ်ပါသည်။

## (င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ် ပညာရပ်များဖြင့် ဘွဲ့ရသူများ လည်းရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းကျောင်း ကို မိုင်ဝက်ခန့်ဝေးသော ဆေးတလုံး ကျေးရွာ နှင့် အထက်တန်းကျောင်းကိုမူ (၃)မိုင်ခန့်ဝေးသော ရေငယ်ရပ်ကွက် (ရပ်ကွက်ကြီး ၁၁)နှင့်(၅)မိုင်ခန့်ရှိ ဝက်ဝံကျေးရွာများတွင် သွား၍

တက်ရောက်ကြရသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီ သော ကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေး အစီအစဉ်များမရှိပါ။

## (စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင် အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများ ဝမ်းစာအတွက် နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများ အတွက် ကျန်းမာရေး စောင့်ရှောက်မှု ကို ပင်လိုန်(ရှေ့)ကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနခွဲမှ ရရှိကြသည်။ အခြေခံကျန်းမာရေးစောင့် ရှောက်ခြင်း ဝန်ဆောင်မှုများ ရရှိကြပါသည်။ ကလေးသူငယ်များအတွက်ကျန်းမာရေးကာကွယ် ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေး ဌာနမှနှစ်စဉ် ဆောင်ရွက်ပေး ပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတွင် ကျေးရွာအနီးသစ်တောများအား ခုတ်လှဲခြင်းများကြောင့် သစ်တောများ မရှိတော့ဘဲ ပြုန်းတီးကာ ရာသီဥတုကို များစွာထိခိုက်စေသည်ကိုတွေ့ရ သည်။

## (ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနုတ် ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်း များ လုပ်ကိုင် ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် အမျိုးသမီးများသည် အမျိုးသားနှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူ အခွင့်အရေးရှိပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ခေါင်းဆောင်မှုဆိုင်ရာသင်တန်း | ၁၀ |
| | | အဖွဲ့စည်းချင်းချိတ်ဆက်ခြင်းလူငယ်ဖိုရမ်များနှင့်ချိတ်ဆက်ခြင်း | ၁၀ |
| ၂ | စိုက်ပျိုးရေး | စိုက်ပျိုးရေရရှိရေး | ၅ |
| ၃ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်း/ရွာချင်းဆက်လမ်းပြုပြင်ခြင်း | ၁ |
| ၄ | ကျန်းမာရေး | ဆေးပေးခန်းဆောက်လုပ်ခြင်း | ၃ |
| | | ရှေးဦးသူနာပြု/အရံသားဖွားသင်တန်း | ၃ |
| | | အရေးပေါ်လူနာတင်ယာဉ်တစ်စီးထောက်ပံ့ခြင်း | ၃ |
| ၅ | ပညာရေး | ကျောင်းအားကစားကွင်းနှင့်အားကစားပစ္စည်းထောက်ပံ့ခြင်း | ၄ |
| | | ကျောင်းသောက်ရေသန့်ရရှိရေး | ၄ |
| ၆ | ငွေကြေး | မြစိမ်းရောင်စီမံကိန်းချထားပေးခြင်း | ၈ |
| | | နှစ်ရှည်ချေးငွေထူထောင်ခြင်း | ၈ |
| ၇ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | စက်ချုပ်/အလှပြင်/စက်ဆွဲ/ဝပ်ရှော့/စက်ပြင်/လက်သမား/ပန်းရံသင်တန်းများ | ၉ |
| ၈ | စိုက်ပျိုးရေး(နည်းပညာ) | မျိုးကောင်းမျိုးသန့်ရရှိရေး | ၂ |
| | | ပိုးသတ်ဆေးပေါင်းသတ်ဆေးအသုံးပြုနည်း/စိုက်ပျိုးရေးနည်းပညာသင်တန်း | ၂ |

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်လုပ်ငန်းများ | ဦးစားပေးအဆင့် |
|---|---|---|---|
| ၉ | လူငယ်နှင့်အားကစား | အခမဲ့ရုပ်သံလိုင်းများထုတ်လွှင့်ပေးခြင်း | ၇ |
| | | ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း | ၇ |
| | | စာပေဟောပြောပွဲများပြုလုပ်ခြင်း | |
| | | ရိုးရာတီးဝိုင်းခေတ်ပေါ်တီးဝိုင်းများထူထောင်ခြင်း | ၇ |
| | | လူငယ်အားကစားပြိုင်ပွဲများကျင်းပခြင်း | ၇ |
| ၁၀ | မူဝါဒများ | ဈေးကွက်တည်ငြိမ်ရေးအလေးထားဆောင်ရွက်ပေးရန် | ၆ |

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ - သီးနှံ | | | | | |
| | | | | | |
| | | | | | |
| ကဏ္ဍ - မွေးမြူရေး | | | | | |